# အခြေချနေထိုင်မှုအထောက်အကူပြုအစီအစဉ်



ဒုက္ခသည်ကူညီရေးဌာနချုပ်သည်အထောက်အကူပြုစင်တာ(တိုကျိုမြို့တွင်း)တွင်အပြည်ပြည်ဆိုင်ရာဒုက္ခသည်စာချုပ်အရဒုက္ခသည်အဖြစ်အသိအမှတ်ပြုခြင်းခံရသူများနှင့်တတိယနိုင်ငံအခြေချနေထိုင်ရေးအစီအစဉ်ဖြင့်ရောက်ရှိလာသည့်ဒုက္ခသည်များကိုဂျပန်ဘာသာသင်တန်းနှင့်အခြေချနေထိုင်မှုအထောက်အကူပြုအစီအစဉ်ကိုသင်ကြားပေးနေပါသည်။

သင်တန်းအမျိုးအစား

- ဂျပန်ဘာသာသင်တန်း

  ဂျပန်စာအခြေခံ(ဖတ်ခြင်း၊ရေးခြင်း၊ကြားနာခြင်း၊ပြောခြင်း)ကိုသေချာစွာသင်ယူနိုင်ပါသည်။
  စုစုပေါင်းသင်တန်းချိန်မှာပျမ်းမျှ ၅၇၂ နာရီဖြစ်ပြီး၊သင်တန်းချိန် ၁ ချိန်လျှင် ၄၅ မိနစ်ဖြစ်ပါသည်။

  စားဝတ်နေထိုင်မှုလမ်းညွှန်ပို့ချချက်
  ဂျပန်တွင်စားဝတ်နေထိုင်ရာတွင်သိထားသင့်သည့်စနစ်များ(အာမခံစနစ်၊ပင်စင်စနစ်၊အခွန်ငွေ)စသည့်သတ်မှတ်ထားသည့်စည်းကမ်းစနစ်များကိုဗဟုသုတရရှိအောင်သင်ကြားပေးနေပါသည်။
  စုစုပေါင်းသင်တန်းချိန်မှာပျမ်းမျှ ၁၂၀ နာရီဖြစ်ပြီး၊သင်တန်းချိန် ၁ ချိန်လျှင် ၄၅ မိနစ်ဖြစ်ပါသည်။

✧ တတိယနိုင်ငံအခြေချနေထိုင်ရေးအစီအစဉ်ဖြင့်ရောက်ရှိလာသည့်ဒုက္ခသည်များ၏သင်တန်းကာလ

- ၆ လသင်တန်း (နေ့လည်) ၁ ပတ် ၆ ရက်၊သင်တန်းချိန် ( ၉း၃၀ မှ ၁၅း၅၀ )ဖြစ်ပြီး၊
  စနေနေ့သင်တန်းချိန်မှာ( ၉း၃၀ မှ ၁၂း၁၀ )ဖြစ်ပါသည်။

✧ အပြည်ပြည်ဆိုင်ရာဒုက္ခသည်စာချုပ်အရဒုက္ခသည်အဖြစ်အသိအမှတ်ပြုခြင်းခံရသူများ

- ခြောက်လသင်တန်း (နေ့လည်) ၁ ပတ် ၅ ရက်၊သင်တန်းချိန် ( ၉း၃၀ မှ ၁၅း၅၀ )
- ၁ နှစ်သင်တန်း ( ည ) ၁ ပတ် ၅ ရက်၊ သင်တန်းချိန် ( ၁၈း၃၀ မှ ၂၀း၅၅ )

မှတ်ချက်။ ။(သင်တန်းအမျိုးအစားပေါ်မူတည်ပြီးအချိန်အပြောင်းအလဲရှိပါသည်။)

- အလုပ်အကိုင်ဆွေးနွေးခြင်း၊မိတ်ဆက်ခြင်း

အလုပ်လုပ်ကိုင်လိုသူများအားအစိုးရအလုပ်ရှာဖွေရေးရုံးကဲ့သို့ အလုပ်အကိုင်အတိုင်ပင်ခံဝန်ထမ်းများမှအလုပ်ရှာဖွေမိတ်ဆက်ပေးခြင်း၊တိုင်ပင်ဆွေးနွေးခြင်းများအားဆောင်ရွက်ပေးနေပါသည်။

အသေးစိတ်သတင်းအချက်အလက်သိလိုပါကဒီနေရာသို့

Copyright (C) 2011 Refugee Assistance Headquarters. All Rights Reserved.